## April 1 (ဧပြီလ)

**စုံစမ်းနှောက်ယှက်ခြင်းနှင့် ကင်းလွတ်မည့်အကြောင်း ဆုတောင်းလျက် စောင့်နေကြလော့။**

(မာ ၁၄း၃၈)

သူတို့သည် ကျွန်ုပ်တို့အပေါ်သို့ ရောက်ရှိလာသည့် အချိန်မတိုင်မှီအထိ စုံစမ်းနှောက်ယှက်ခြင်း နှင့် စပ်ဆိုင်သော လက္ခဏာသည် မည်ကဲ့သို့ဖြစ်နိုင်သည်ဆိုတာကို ကျွန်ုပ်တို့သည် ရှင်းလင်းစွာ သိ မြင်နိုင်မည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် သူတို့နှင့်ပတ်သက်၍ အားလုံးကို ကြိုတင်သိခဲ့မည်ဆို လျှင် သူတို့သည် သေးငယ်သော အရေးမပါသော စုံစမ်းနှောက်ယှက်ခြင်းများ ဖြစ်လိမ့်မည်ဖြစ်သော ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် စောင့်ကြည့်လျက် အမြဲတမ်း ဆုတောင်းကြရမည်ဖြစ်ပါသည်။ တစ်ခု တည်းသော လုံခြုံစိတ်ချရသည့် နည်းလမ်းမှာ အသင့်ပြင်ဆင်ခြင်းရှိရန် ဖြစ်ပါသည်။ အဘယ်ကြောင့် ဆိုသော် သင်၏ရန်သူတည်းဟူသော မာရ်နတ်သည် အဘယ်သူ့ကို မျိုရမည်နည်းဆိုတာကို ရှာဖွေ လျက်ရှိသောကြောင့် ဖြစ်သည်။ သူသည် သင်၏အားနည်းချက်များကို သိပြီး၊ သူတို့အား အခွင့်အရေး တစ်ခုအဖြစ် ယူရန်သူသည် အဆင့်သင့်ဖြစ်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် အောင်မြင်လိုလျှင် ကျွန်ုပ် တို့အယောက်စီတိုင်း၏ နှလုံးသားများထဲ၌ ဝိညာဉ်တော်၏ အကျိုး ကျေးဇူးများ လိုအပ်မည်ဖြစ်သကဲ့သို့ လိုအပ်သောအချိန်၌ ဘုရားသခင်၏ မစတော်မူခြင်း ကျေးဇူးကို လိုအပ် မည်ဖြစ်ပါသည်။ ဆုမှလွဲ၍ ရန် အပြစ်နှင့်စပ်ဆိုင်သောအရာ အများအပြားတို့သည် ပြင်းထန်စွာ ဖိနှိပ်လျက် ရှိပြီး၊ ရန်သူတစ် သောင်းတို့သည် ထလျက်ရှိသော်လည်း၊ ငါဝိညာဉ်သည် သူ၏ ကွယ်ကာမှု၌ ရှိပါသည်။

## April 2 (ဧပြီလ)

**ထိုကြောင့် ငါတို့သည် အဆင်သင့်သည်အတိုင်း ယုံကြည်ခြင်းအိမ်သူအိမ်သားတို့၌ အထူးသဖြင့် ကျေးဇူးပြု လျက်၊ ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုကြကုန်အံ့။** (ဂလာတိ ၆း ၁၀)

ခရစ်ယာန်သည် ခပ်သိမ်းသောသူတို့ကို ကျေးဇူးပြုလျက် မိမိ၏ အချိန်ကို အသုံးပြုခြင်း၌ ကျေးဇူး ပြုရန်အ ဆင်သင့်ရှိကြမည့်သူများ ဖြစ်ကြပါသည်။ သို့သော်လည်း သူသည် ညီအစ်ကိုများအတွက် သူ ၏ဘဝအသက် တာကို ချထားရန် အဆင့်သင့်ရှိသော သူဖြစ်ပါသည်။ ခဲယဉ်းဆိုးယုတ်သော နေ့ရက် ကာလ၌ ရပ်တည်နိုင်ရန် နှင့် ဘုရားသခင်၏ လက်နက်စုံကို ဝတ်ဆင်ရန်အတွက် မည်သည့်အမှုအရာ၌ ကိုမဆို၊ သခင်ဘုရား၏ ညီအစ် ကို များကို ကူညီခြင်း (သို့) သမ္မာတရားနှင့်စပ်ဆိုင်သော ဆက်နွယ်ခြင်း များအတွက် သူ၏ အချိန်ကိုပေးခြင်း သဘော၌ သူသည် သူ၏အသက်တာကို တစ်ရက်ပြီးတစ်ရက် ချ ထားခြင်းအတွက် အခွင့်အလမ်းများကို ရှာဖွေ သောသူဖြစ်ပါသည်။

## April 3 (ဧပြီလ)

**ညည့်အချိန်ကုန်လု၍ နေ့အချိန်ရောက်လုသောကြောင့်၎င်း၊ ယခုအခါ အိပ်ပျော်ရာမှ နိုးရသောအချိန် ရောက်ခဲ့ပြီဟု ငါတို့သည်သိ၍ ကာလအချိန်ကို ထောက်လျက်၊ မှောင်မိုက်၏အကျင့်ကို ဖယ်ရှား၍၊ အ လင်း၏ လက်နက်စုံကို ဝတ်ဆင်ဆောင်ရွက်ကြကုန်အံ့။ (ရော ၁၃း ၁၂)**

အကျွန်ုပ်တို့၏ အသက်တာထဲ၌ ပြည့်ဝစွာရှိခဲ့သော အသစ်သောခေတ်ကာလ၏ သမ္မာတရား အလင်း၌ သဘောတူညီခြင်း ရှိလိမ့်မည်မဟုတ်သော အလုပ်များနှင့်၊ အပြည့်စုံဆုံး စုံစမ်းစစ်ဆေးခြင်း ကို ခံရပ်နိုင်လိမ့်မည်မဟုတ်သော မည်သည့်အလုပ်မဆိုသည် မှောင်မိုက်၏ အလုပ်များ ဖြစ်လိမ့်မည် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အသစ်သော ခေတ်ကာလအပိုင်းအခြားနှင့် သက်ဆိုင်သောသူများ ဖြစ် ကြသည်ကို အောက်မေ့သတိရကြပါစို့။ ထို့ကြောင့် မှောင်မိုက်၏ အရှင်နှင့် သူ၏အလုပ်များ၊ သူ၏ လမ်းများကို ဆန့်ကျင်ခြင်း၌ ကျွန်ုပ်တို့၏ နိုင်ငံသားဖြစ်ခြင်းနှင့် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရာများနှင့်အညီ အလင်း၏အရှင်အတွက် အသက်ရှင်သင့်ကြပါသည်။

## April 4 (ဧပြီလ)

**နေ့အချိန်၌ကဲ့သို့ တင့်တယ်လျောက်ပတ်စွာ ကျင့်ဆောင်ပြုမူကြကုန်အံ့။ (ရော ၁၃း၁၃)**

ဒေါ်လာများနှင့် အကြွေများ၌သာမက အိမ်နီးချင်းများအား သူ၏ထိတွေ့ဆက်ဆံခြင်း၌၎င်း၊ ညီအစ်ကိုများအား သူ၏ထိတွေ့ဆက်ဆံခြင်း၌၎င်း၊ ခပ်သိမ်းသောအရာအားလုံးတို့၌၎င်း၊ သူ၏ယုံကြည်ခြင်း၌၎င်း၊ သူ၏ဘုရားသခင်နှင့်ပတ်သက်၍ သူ၏ဝန်ခံခြင်းများ၌၎င်း သူသည် ရိုးသားသောသူဖြစ်သည်ဟူသော အရာကို အယောက်စီတိုင်းသည် တွေ့မြင်သင့်ကြပါသည်။ ဤလမ်းကြောင်းတစ်လျှောက် စစ် ဆေးခြင်းကို ပြုလုပ်ထားပါသည်။ ဘုရားသခင်၏ ကျေးဇူးပြုခြင်းထက်သာ၍ လူတို့၏ ကျေးဇူးပြုခြင်း ကို ချစ်သောသူ၊ မှသာကိုဝန်ခံပြောဆိုရန်နှင့် ရိုးသားခြင်း ကင်းမဲ့စွာ ဝန်ခံပြောဆိုရန် လိုလိုလားလားရှိ သောသူတို့သည် သူတို့၏ မုသာအထိ ပေးခြင်းခံရလိမ့်မည်။ သူတို့၏ ထာဝရအကျိုးအမြတ်များ ပျက်စီး ရန် ခွင့်ပြုခြင်းခံရလိမ့်မည်။ သူတို့သည် နောက်ဆုံးမှာ အံ့ဝင်ဂွင်ကျဖြစ်လာနိုင်စေကာမူ နိုင်ငံတော်အ တွက် အံ့ဝင်ဂွင်ကျဖြစ်သောသူများ မဟုတ်ဟု သူတို့ကိုယ် သူတို့ သက်သေပြခြင်းခံရလိမ့်မည်ဖြစ်ပါ သည်။

## April 5 (ဧပြီလ)

**ရှင်လန်းသော နှုတ်ခမ်းနှင့် အကျွန်ုပ်၏နှုတ်သည် ကိုယ်တော်ကို ချီးမွမ်းပါသည်။ အကျွန်ုပ်ကို မစတော်မူသောကြောင့် အတောင်တော်အရိပ်၌ ဝမ်းမြောက်ပါမည်။ (ဆာ ၆၃း ၅ -၆)**

ဆုတောင်းခြင်းသည် အခွင့်အလမ်းတစ်ခုမျှသာမက ကျွန်ုပ်တို့၏ ခရစ်ယာန်၌ အသက်တာတိုး တက်ကြီးထွားခြင်းအတွက် မရှိမဖြစ်လိုအပ်သောအရာအဖြစ် မိန့်မှာထားသည့် မရှိမဖြစ် အရာတစ်ခု လဲဖြစ်ပါသည်။ ချစ်သနားခြင်းဂရုဏာနှင့် ကြွယ်ဝပြည့်စုံတော်မူသော ခမည်းတော်ဘုရားသခင်နှင့်အ တူ မိဿဟာရဖွဲ့ခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းရန် အလိုဆန္ဒဆုံးရှုံးသော မည်သူမ ဆိုသည် သားဖြစ်ခြင်းနှင့်စပ်ဆိုင်သော စိတ်သဘော ဆုံးရှုံးလျက်ရှိနေသည်မှာ အသေအချာဖြစ်မည် ဖြစ်ပြီး လောက၊ ဇာတိနှင့် မာရ်နတ်စသော အတားအဆီးများကို ဖယ်ရှားရန်ချက်ခြင်း ရှာဖွေသင့်ပါ သည်။ သူ၏ဂုဏ်အင်္ဂါနှင့် အကြံအစည်ကို ကျွန်ုပ်တို့အား ဖွင့်ပြခြင်းအားဖြင့် ကျွန်ုပ်တို့၌ ဘုရားသခင် အား ယုံကြည်စိတ်ချမှုနှင့် စပ်ဆိုင်သည့် ဖြည့်စွက်ထားသော သက်သေအထောက်အထားတိုင်းသည် ကျွန်ုပ်တို့၏ ကိုးကွယ်ခြင်းနှင့် ဆုတောင်းခြင်းများကို အားနည်းစေဖို့ နေနေသာသာ၊ သူတို့အား ပို၍ တိုးပွားစေသင့်ပါသည်။ ကျွန်ုပ်တို့၏ နှလုံးသားများသည် ကောင်းသော မြေ ဖြစ်သည်ဆိုလျှင် သူတို့ သည် ပို၍ ကြွယ်ဝစွာ အသီး သီးလိမ့်မည် ဖြစ်ပါသည်။

## April 6 (ဧပြီလ)

**ခရစ်ယာန်ဖြစ်သောကြောင့် ခံရလျှင်မူကား၊ ရှက်ကြောက်ခြင်းမရှိစေနှင့်။ ထိုအမှုကြောင့် ခံရလျှင် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းစေ။ (၁ပေ ၄ း ၁၆)**

သမ္မာတရားကို အစေခံခြင်း၌ ကျွန်ုပ်တို့၏ အားထုတ်ခြင်းအားဖြင့် သက်ရောက်လာသော မည် သည့်အမျိုးအစားမျိုးနှင့်မဆို စပ်ဆိုင်သော ဖျားနာခြင်းနှင့်မနစ်မြုံဖွယ်ရာများကို ကျွန်ုပ်တို့၏ သစ္စာရှိ ခြင်းနှင့် ချစ်ခြင်းမေတ္တာ နှင့်စပ်ဆိုင်သော သက်သေအထောက်အထားများအဖြစ် ခမည်းတော်ဘုရား သခင်သည် ခွင့်ပြုထားပါသည်။ ထိုကဲ့သို့သော ဆင်းရဲဒုက္ခကို လုပ်ဆောင်ရန် အလားအလာမရှိခဲ့ သော် (သို့) နိမိတ်လက္ခဏာတစ်ခုအားဖြင့် ၎င်းတို့အား သက်သာစေခဲ့သော် ဘုရားသခင်၏ အမှုတော် သည် သမ္မာတရားကြောင့် ကြံကြံခံရန် ကျွန်ုပ်တို့၏ လိုလားခြင်းနှင့် စပ်ဆိုင်သော စစ်ဆေးခြင်းအား လို အပ်မှုရှိလိမ့်မည် မဟုတ်သလို ကျွန်ုပ်တို့အတွက် ယဇ်ပူဇော်ခြင်းနှင့် စပ်ဆိုင်သော အဖိုးအခလည်း ရှိ လိမ့်မည် မဟုတ်တော့ပါ။ သမ္မာတရားကို ထောက်ရှုခြင်းကြောင့် ခေါင်းဖြတ်ခံရခြင်း (စကားလုံး အ တိုင်းအတိအကျ (သို့) အသင်းအဖွဲ့ဆိုင်ရာ ဦးခေါင်းဖြတ်ခြင်း) (သို့) ခံစားမှုများ (သို့) လူတို့မှ ပြုလုပ် သောဒဏ်ရာ (သို့) နာကျင်ခြင်း (သို့) ဝေဒနာဆိုးတိုင်းသည် ကျွန်ုပ်တို့၏ သစ္စာရှိခြင်းကို သက်သေခံလျက်ရှိသော ဝိညာဉ်တော်၏ သက်သေတစ်ခုဖြစ်လာပါသည်။ ကျွန်ုပ်တို့၏ သခင်နှင့် တမန်တော် ပီတာ ပြောသည့်အတိုင်း ကျွန်ုပ်တို့သည် ဤကဲ့သို့သော ဆင်းရဲဒုက္ခအားလုံးတို့၌ ကြီးစွာ ဝမ်းမြောက်သင့်ကြပါသည်။

## April 7 (ဧပြီလ)

**ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသော စည်းစိမ်ရှိသည်အတိုင်း သင်တို့အလိုရှိ သမျှတို့ကို၊ ယေရှုခရစ်အားဖြင့် ပြည့်စုံစေတော်မူလိမ့်မည်။** (ဖိ ၄း၁၉)

ကြီးစွာသော ဝမ်းမြောက်ခြင်းနှင့် စပ်ဆိုင်သော အလွန်ဝမ်းမြောက်ဘွယ်ရာကောင်းသော ဧဝံ ဂေလိတရားကို ဟောပြောရန် တောက်လောင်သော စိတ်အားထက်သန်မှု သင့်တွင်မရှိဘူးဆိုလျှင်၊ ၎င်းအတွက် စိတ်အားထက်သန်စွာ၊ သစ္စာရှိစွာ အဆက်မပြတ် ဆုတောင်းပါ။ ၎င်းအတွက် ကြိုးပမ်း အားထုတ်ပါ။ မကြာမီ သင်ရရှိလိမ့်မည်ဖြစ်ပါသည်။ သင့်တွင် ဧဝံဂေလိတရားအတွက် စိတ်အားထက် သန်ခြင်းနှင့် ချစ်ခြင်းရှိပြီး၊ ၎င်းအားတင်ဆက်ရန် အရည်အချင်း မရှိဘူးဆိုလျှင်၊ သင့်မှာရှိသော အရာ ကို အပြည့်အဝ အသုံးပြုရန် ပြုလုပ်နေစဉ်၊ တဘက်တွင်လည်း ထိုအရည်အချင်းအတွက် ဆုတောင်း ပါ။ သင်တွင် ဧဝံဂေလိတရားအတွက် စိတ်အားထက်သန်မှုနှင့် အရည်အချင်းရှိပြီး အခွင့်အလန်းမရှိ ဘူးဆိုလျှင် သင်တတ်နိုင်သမျှအတိုင်း ဆုတောင်းခြင်း၌ ဘုရားသခင်ထံ ယူဆောင်ပါ။ သင့်တွင်ရှိ သော အခွင့်အလန်းအားလုံးကို သင်သည် သစ္စာရှိစွာ အသုံးပြုနေသည်ဟု သူ့အားပြောပါ။ သင် လက်လှမ်းမှီသမျှအတွင်း အလွန်သေးငယ်ပြီး အရေးမပါသောအရာများကိုအသုံးပြုရန် သင်၏ လက် တို့အား နေးကွေးခြင်းမရှိစေရုံသာမက သာ၍ များစွာသော အခွင့်အလန်းများကို စောင့်ကြည့်ပါ။

## April 8 (ဧပြီလ)

**ဖြောင့်မတ်သောသူသည် ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လိမ့်မည်။ သို့သော်လည်း ရွှေလျောလျှင် ငါစိတ်ဝိညာဉ်သည် ထိုသူကို အားရနှစ်သက်ခြင်းမရှိဟု ဘုရားသခင်အမိန့်တော်ရှိ၏။** (ဟေ ၁၀း၃၈)

ရွှေလျော့ခြင်းသည် အစပထမ၌ ယဇ်ပူဇော်ခြင်းနှင့် စပ်ဆိုင်သော လမ်းကျဉ်းမှ အလွန်သေး ငယ်သော ထွက်ခွါခြင်းတခုဖြစ်နိုင်ပါသည်။ နောက်တွင်ရှိသော အရာများကို ကြည့်ခြင်းနှင့်အတူ နောက်ပြန်လှည့်ကြည့်ခြင်းမျှသာလျှင် ဖြစ်နိုင်ပါသည်။ ကျွန်ုပ်တို့၏ မျက်မှောက်၌ရှိသော ပြေးပွဲ၌ အ ရှိန်ကို အနည်းငယ်နေးကွေးစေခြင်း ဖြစ်နိုင်ပါသည်။ ထိုနောက်တွင် ကျဆင်းလျက်ရှိသော သဘောသ ဘာဝ၏ တောင့်တပြင်းပျသည့် ဆန္ဒ၏ အလို၌ သမ္မာတရားကို အပေးအယူလုပ်ရန် အနည်းငယ်စီမံ ခြင်း ဖြစ်နိုင်ပါသည်။ ဤကဲ့သို့အားဖြင့် ကျွန်ုပ်တို့၏ အမှုကိစ္စအတွက် ကိုက်ညီသော အကောင်းဆုံး သော ပုံစံ၌ အကျိုးအမြတ်ယူရန် ကျွန်ုပ်တို့၏ အားနည်းချက်များကို လျှင်မြန်စွာ ဂရုစိုက်သောသူဖြစ် သော စုံစမ်းသွေးဆောင်သူ၏ ကြံစည်လုပ်ဆောင်ခြင်းများအတွက် လမ်းကို ပြင်ဆင်ထားလျက်ရှိပါ သည်။ အသေးအမွှားအမှားများမှာ တရားစီရင်ခြင်းကို ဆန့်ကျင်ရန် ဖြစ်ပေါ်စေပြီး ဖြောင့်မတ်ခြင်းအား ပြသခြင်းနှင့်အတူ နှစ်သက်ကျေနပ်မှုကို ပေးသော သွေးဆောင်ခြင်းများသည် ဇာတိဆိုင်ရာ စိတ်နှလုံး အားမိတ်ဆက်ပေးပါသည်။ သည့်အပြင် သခင်ဘုရားအတွက် သူ၏ရှေးဦးမေတ္တာနှင့် သခင်၏ အမှု တော်အတွက် သူ၏ ရှေးဦး စိတ်အားထက်သန်ခြင်းကို လုံးဝမသိမမှတ်နိုင်စွာ မေ့လျော့လာပြီး ဘုရားသခင်၏ ဝိညာဉ်တော်၏ ဦးဆောင်လမ်းပြခြင်းမရှိတော့ဘဲ သမ္မာတရားနှင့် သမ္မာတရားနှင့် စပ်ဆိုင် သော စိတ်သဘောမှ အဝေးသို့ တဖြည်းဖြည်း ရွှေလျော့လာပါသည်။

## April 9 (ဧပြီလ)

**မြေတလင်း၌ ပြိုင်၍ ပြေးကြသောသူအပေါင်းတို့သည် ပြိုင်၍ပြေးကြသော်လည်း တယောက်တည်းသာ လျှင် ဆုကိုရသည်ဟု သင်တို့မသိကြသလော။ ဆုကိုရမည်အကြောင်း ပြေးကြလော့။ (၁ကော ၉း၂၄)**

အောင်မြင်ခြင်းကို ရရှိရန်အတွက် ကျွန်ုပ်တို့သည် လက်နက်စုံကို ဝတ်ဆင်ကြရမည် သာမက စင်ကြယ်ခြင်းနှင့် ဖြောင့်မတ်ခြင်း၏ ရန်သူအားလုံးတို့နှင့် ဘဝအသက်တာမှ မာန၊ ဇာတိနှင့် မျက်စိ တပ်မက်ခြင်းတို့အပေါ် ပြင်းထန်သော တိုက်ပွဲတခုကို ဆက်လက်ဆင်နွဲလျက် ဆိုင်ပြိုင်တိုက်လှန်ခြင်း ၌ ကျွန်ုပ်တို့သည် သူရဲကောင်းများ ဖြစ်ကြရမည်ဖြစ်ပါသည်။ ဘုရားသခင်အား ချစ်ခြင်း၊ ဖြောင့်မတ် ခြင်းနှင့် သမ္မာတရားအား ချစ်ခြင်းကဲ့သို့ ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့အား နိုးဆောင်သွေးဆောင်ကြ ရမည်ဖြစ်ပါသည်။ သို့မဟုတ်လျှင် ကျွန်ုပ်တို့သည် ဘယ်တော့မှ အောင်မြင်ခြင်းများရှိလိမ့်မည်မဟုတ် ပါ။ ချစ်ခြင်းမေတ္တာကသာလျှင် သေထိတိုင်အောင် သစ္စာရှိရန် ကျွန်ုပ်တို့အား စောင့်ထိန်းပေးမည်ဖြစ် ပါသည်။ အလင်း၌ သန့်ရှင်းသူတို့နှင့် စပ်ဆိုင်သော အမွေခံခြင်းအတွက် ချစ်ခြင်းမေတ္တာကသာလျှင် ကျွန်ုပ်တို့အား ပြုလုပ်ပေးမည်ဖြစ်ပါသည်။ နှလုံးသားကို ပြင်ပြသော ချစ်ခြင်းမေတ္တာအုပ်စိုးခြင်းသည်၊ ဘုရားသခင်ထံ နှလုံးသားကို အပြည့်အဝအပ်နှံခြင်းကို ရည်ညွှန်းပါသည်။ ထိုနည်းလမ်းသည် တိုက်ပွဲ မှ (၁၀) ပုံ ပုံ (၉) ပုံကို နိုင်ပြီးသားဖြစ်သော နည်းလမ်းဖြစ်ပါသည်။ သို့သော် ထို့အပြင် တမန်တော်မှ ပြောဆိုထားသည့်အတိုင်း (ယုဒ ၂၁) စိတ်အားထက်သန်ခြင်း ဆုတောင်းခြင်း စောင့်ကြည့်ခြင်း ဘုရားသခင်ကို ချစ်ခြင်း၌ ကိုယ့်ကိုကိုယ်စောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ (ချစ်ခြင်းမေတ္တာကြွယ်ဝသော နေရာ၌ ကျေးဇူးတော်ကြွယ်ဝမည်ဖြစ်ပါသည်။)

## April 10 (ဧပြီလ)

**ထို့ကြောင့်၊ ကာလအချိန်တန်လျှင်၊ ဘုရားသခင်သည် သင်တို့ကို ချီးမြှောက်တော်မူမည်အကြောင်း တန်ခိုးကြီးသော လက်တော်အောက်၌ ကိုယ်ကိုကိုယ် နှိမ့်ချကြလော့။ (၁ပေ ၅း၆)**

အပြည့်အဝလောင်ကျွမ်းသည်အထိ ယဇ်ပလ္လင်ပေါ်မှ ယဇ်ပူဇော်ခြင်းကို စောင့်ထိန်းရန်နှင့် လူ၏ ပြင်းပြသော ရည်မှန်းချက်များကို အဆက်မပြတ်စစ်ဆေးခြင်းအတွက်  နှိမ့်ချခြင်းနှင့် စပ်ဆိုင်သောလမ်းကို လျှောက်ရန်သည် လွယ်ကူသော အရာမဟုတ်သည်မှာ ဧကန်အမှန်ဖြစ်ပါသည်။ သို့သော်လဲ ၎င်းသည် စိုးရိမ်တုန်လှုပ်ခြင်းနှင့်အတူ အထက်နှင့်ဆိုင်သော ခေါ်တော်မူခြင်းအတွက် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းကို သေချာအောင် ကျွန်ုပ်တို့ လုပ်ဆောင်ကြရမည့်အရာဖြစ်ပါသည်။ သို့မဟုတ်လျှင် နှိမ့်ချပြီး နူးညံ့သိမ့်မွေ့သောသူဖြစ်သော ကျွန်ုပ်တို့၏ မင်္ဂလာရှိတော်မူသော ရှေးပြေး၏ ခြေတော်ရာ များ၌ နီးကပ်စွာလျှောက်သော သစ္စာရှိပြီးအောင်မြင်သောသူတို့အတွက် ဂတိပြုထားသည့် အထက် အရပ်မှ ခေါ်တော်မူခြင်းနှင့် စပ်ဆိုင်သော ဆု အတွက် ကျွန်ုပ်တို့သည်  ထိုက်တန်သောသူများ ဖြစ်ကြ လိမ့်မည်မဟုတ်ပါ။

ဤကဲ့သို့ ကျွန်ုပ်တို့သည် နှိမ့်ချပြီး သစ္စာရှိသောသူများ ဖြစ်ကြသောအခါ သခင်ဘုရားသည် သူ ၏နာမကို အခြားသူတို့ထံ သယ်ဆောင်ဖို့ရန် သူ၏ ရွေးချယ်တော်မူသော အိုးများအဖြစ် ကျွန်ုပ်တို့အား ပြုလုပ်ပါသည်။

သည့်အပြင် ဘာမှမရှိသော ကျွန်ုပ်တို့ကို သူသည် သူ၏ ဝိညာဉ်တော်နှင့်အတူ ၊ သူ၏ သမ္မာတရားနှင့်အတူ ကျွန်ုပ်တို့အား ဖြည့်ပေးနိုင်ပြီး ကားတိုင်း၏ စစ်သူရဲများအဖြစ် ခွန်အားနှင့် ကြီးစွာသော အစေခံခြင်းကို လုပ်ဆောင်ရန် ကျွန်ုပ်တို့သည် သခင်ဘုရား၌၎င်း၊ သူ၏ တန်ခိုးတော်၌၎င်း ဆက်လက် သန်စွမ်းနိုင်ကြမည် ဖြစ်ပါသည်။

## April 11(ဧပြီလ)

**ပွဲလုပ်ခြင်း၊ ယဇ်မျိုးသောက်ကြူးခြင်း၊ မတရားသော မေထုန်၌ မှီဝဲခြင်း၊ ကိလေသာ ညစ်ညူးခြင်း၊ ရန် တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း အမှုတို့ကို ကြည့်ရှောင်၍ နေ့အချိန်၌ကဲ့သို့ တင့်တယ်လျောက်ပတ်စွာ ကျင့် ဆောင်ပြုမူကြကုန်အံ့။ (ရော ၁၃း ၁၃)**

အချို့တို့တွင် ငွေ၊ ချမ်းသာကြွယ်ဝခြင်းအတွက် ယဇ်မူးခြင်းတခုရှိကြပါသည်။ အခြားသူတို့တွင် အလုပ်ကိစ္စများအတွက် ယဇ်မူးခြင်းတခုရှိကြပါသည်။ အခြားသူတို့မှာ အဝတ်အစား၊ အခြားသူတို့မှာ ဂီတ၊ အခြားသူတို့မှာ ပန်းချီ ၌ယဇ်မူးခြင်းတခုရှိကြပါသည်။ သို့သော် အသစ်သောနေ့ရက်ကာလနှင့် ထိုနေ့ရက်ကာလ၌ ပြီးပြည့်စုံမည်ဖြစ်သော ဘုရားသခင်၏ ကြီးစွာသောအလုပ်နှင့် ပတ်သက်၍ အမြင် ရှိကြသော သခင်ဘုရား၏လူတို့အဖြစ် ကျွန်ုပ်တို့၏ နှလုံးသားများသည် (အခြားသောသူ၊ လောကီ ဆိုင်ရာလူတို့၌ သင့်လျော်သော အတိုင်းအတာတခု၊ မှန်ကန်စေသောအတိုင်းအတာတခုသာ စဉ်းစား ကြလိမ့်မည်ဖြစ်သော) ဘုရားသခင်၏ အလုပ်၌ နစ်မြုပ်ထားသင့်ကြပါသည်။ အဘယ်ကြောင့် ဆိုသော် သူတို့သည် ကျွန်ုပ်တို့ကဲ့သို့ အိပ်ပျော်ရာမှ နိုးလာကြသောသူများ မဟုတ်ကြသောကြောင့် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ကျွန်ုပ်တို့ မြင်ကြသကဲ့သို့ အနာဂတ်ကို မမြင်ကြသောသူများဖြစ် ကြသောကြောင့် ဖြစ်ပါသည်။ သူတို့သည် ကျွန်ုပ်တို့၏ ယူဆချက်နှင့် လမ်းကြောင်းမှ အလွန်ဝေးကွာ ကြသောသူများဖြစ်ကြပါသည်။.

## April 12  (ဧပြီလ)

**ငါတို့သည် ကျေးဇူးတော်ကို ချီးမွမ်းရာ ခွက်ဖလားမူကား၊ ခရစ်တော်၏အသွေးကို ဆက်ဆံခြင်းဖြစ်သည် မဟုတ်လော။ ငါတို့ဖဲ့သောမုန့်မူကား၊ ခရစ်တော်၏ ကိုယ်ကိုဆက်ဆံခြင်းဖြစ်သည်မဟုတ်လော။ မုန့်တလုံးတည်းရှိသည်ဖြစ်၍၊ ငါတို့ရှိသမျှသည် တလုံးတည်းဖြစ်သော ထိုမုန့်ကိုဆက်ဆံလျက် ခံယူကြသောကြောင့်၊ အများဖြစ်သော ငါတို့သည် တလုံးတကိုယ်တည်းဖြစ်ကြ၏။ (၁ကော ၁၀း၁၆၊ ၁၇)**

များပြားသော ဂျုံစပါးစေ့တို့မှဖြစ်သော်လည်း မုန့်တလုံးတည်းဖြစ်သကဲ့သို့ပင် များပြားသော စပျစ်သီးတို့မှ စပျစ်ရည်ဖြစ်သော်လည်း ခွက်တခွက်တည်းဖြစ်ပါသည်။ ဂျုံစပါးစေ့တို့သည် အခြားသူတို့အတွက် မုန့်ဖြစ်ချင်သည်ဆိုလျှင် သူတို့သည် သူတို့၏ တသီးတခြားဖြစ်ခြင်းနှင့် သူတို့၏ပိုင်ဆိုင်သောအသက်ကို မထိန်းသိမ်းနိုင်ပါ။ စပျစ်သီးတို့သည်လည်း အသက်ကိုပေးသော ဝိညာဉ်တွင် ပါဝင်ချင်သည်ဆိုလျှင် သူတို့သည် စပျစ်သီး

များအဖြစ် သူတို့ကိုယ်သူ တို့ မထိန်းသိန်းနိုင်ပါ။ ထို့ကြောင့် သခင်ဘုရား၏လူတို့သည် မုန့်တလုံးနှင့် ခွက်တခွက်၌ ပါဝင်သောသူများဖြစ်ကြသည်ဟု တမန်တော်၏အဆိုပြုချက်မှ လုပမှုကို ကျွန်ုပ်တို့သည် မြင် တွေ့ကြရပါသည်။ သူ၏ခွက်ကို သောက် ရန် မုန့်တလုံးထဲ၌ အင်္ဂါများအဖြစ် သူနှင့်အတူချိုးဖဲ့ရန်၊ သူ၏သေခြင်းထဲ၌ သူနှင့်အတူမြှုပ်နှံရန် သခင်၏ဖိတ်ခေါ်ခြင်းကို လက်ခံခြင်းထက် အသစ်သောပကတိကို ရရှိနိုင်သော အခြားနည်းလမ်းမရှိတော့ပါ။ ဤသို့အားဖြင့် သူနှင့်အတူရှင်ပြန်ထမြောက်ခြင်း ဘုန်းအသရေ၊ ဦးမြောက်ခြင်းနှင့် ဘုရားပကတိကို ရရှိနိုင်မည်ဖြစ်ပါသည်။

## April 13 (ဧပြီလ)

**ယေရှုကလည်း၊ ငါအမှန်အကန်ဆိုသည်ကား၊ လူသား၏အသားကိုမစား၊ အသွေးကိုမသောက်လျှင် သင်တို့၌အသက်မရှိ။ (ယော ၆း၅၃)**

ချစ်လှစွာသောသခင် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းအတွက် ယဇ်ပူဇော်ခဲ့သော ကိုယ်တော်၏ စင်ကြယ်သော ပကတိ သဘောသဘာဝနှင့်စပ်ဆိုင်သော ကျေးဇူးပြုခြင်းကို( ကျွန်ုပ်တို့၏ မဖြစ်မနေလိုအပ်ချက်များအတွက် သင့်လျော်သော) ကျွန်ုပ်တို့သည် ဝမ်းမြောက်စွာစားပါသည်။ ထိုအတူ - အချိန်တန်သောအခါ သူနှင့်အတူ ကျွန်ုပ်တို့သည်လည်း စိုးစံနိုင်မည်ဖြစ်သော သူနှင့်အတူ ဒုက္ခဆင်းရဲခံရန်သည် မင်္ဂလာရှိသော အခွင့်အလန်းတခုဖြစ်သည်ကို သိမှတ်နားလည်လျက် သူနှင့်အတူ ဒုက္ခဆင်ရဲခံခြင်းနှင့်စပ်ဆိုင်သောခွက်ကိုလည်း ကျွန်ုပ်တို့သည်ဝမ်းမြောက်စွာ သောက်သုံးမည်ဖြစ်ပါသည်။ သင်္ကေတအားဖြင့် လုပ်ဆောင်ခြင်း၌ သာမက အစစ် အမှန်၌လည်း ကျွန်ုပ်တို့သည် သစ္စာရှိသောသူများဖြစ်နိုင်ကြရမည်။ မင်္ဂလာရှိသောသခင်ဘုရား " သင်တို့သည် ငါသောက်သောခွက်ကို သောက်ရကြမည်၊ ငါခံသောဗတ္တိဇံကိုလည်း ခံရကြမည်ဟု" ပြောဆိုသော ကိုယ်တော်၏ စကားတော် ကျွန်ုပ်တို့ကြားကြပါသည်။ သခင်ဘုရား ကျွန်ုပ်တို့သည် ယဇ်ပူဇော်ရန် ကျွန်ုပ်တို့ကိုယ် တိုင်အားဖြင့် တတ်စွမ်းနိုင်သောသူများ မဟုတ်ကြပါ သို့ရာတွင် ကိုယ်တော်၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့အတွက် လုံလောက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ထာဝရကိုယ်တော်၏ လူဖြစ်ကြသောကြောင့် ဖြစ်ပါသည်။

## April 14 (ဧပြီလ)

**ထိုသို့ မိမိအသက်ကို သေခြင်း၌ သွန်း၍၊ မတရားသောသူတို့နှင့်ရေတွက်ဝင်ခြင်းသို့ရောက်သဖြင့်။ (ဟေရှာ ၅၃း၁၂)**

သခင်၏ခြေတော်ရာများ နောက်သို့လိုက်သောသူအယောက်တိုင်းသည် ဂေသရေမာန်အတွေ့အကြုံများအချို့ရှိရန်လိုအပ်သည့်အတိုင်း ထိုနည်းတူ အယောက်စီတိုင်းသည် သခင်၏အတွေ့အကြုံများအားလုံးကို အနည်းဆုံးတော့ မြည်းစမ်းမှုတခုရှိကြရမည်ဖြစ်ပါသည်။ ခရစ်တော်ကိုယ်၏ အင်္ဂါများ၊ သိုးစုငယ်များ၊ ညီအစ်ကိုများကို

အစေခံခြင်းအတွက် ကျွန်ုပ်တို့နှင့်စပ်လျဉ်းသောအခွင့်အလန်များကို ကြည့်ရှုဖို့ရန် မမေ့ကြပါစို့နဲ့။ သိုးသငယ်၏ နောက်လိုက်များအားလုံတို့အပေါ်တွင် ကျရောက်ကြရမည်ဖြစ်သော ပြစ်တင်ဝေဖန်ခြင်းများသို့ ထပ်မံပေါင်း ထည့်ခြင်းမပြုလုပ်ဖို့ရန် အယောက်စီတိုင်း ဂရုပြုကြပါစို့။ တနည်းအားဖြင့်ဆိုသော် လမ်းခရီးတလျှောက် စစ် ကြောခြင်းများနှင့်အခက်အခဲများ၊ တဦးနှင့်တဦး၏ကားတိုင်းများကို ကူညီထမ်းဖို့ရန် နှင့် စာနာနားလည်သော စကားလုံးများကိုပေးကြရန်ဖြစ်ပါသည်။ ဤကဲ့သို့အားဖြင့် ကရာနီသို့သွားသောလမ်းတွင် သူ၏ကားတိုင်ကို ကူညီ၍ ထမ်းခြင်းနှင့်စပ်ဆိုင်သောအခွင့်အလန်းကို ကျွန်ုပ်တို့သည် မည်မျှလောက် အသိအမှတ်ပြုခဲ့သည် ဆိုတာကို ကျွန်ုပ်တို့၏ သခင်နှင့်ဦးခေါင်းအား ကျွန်ုပ်တို့သည်အကောင်းဆုံးဖေါ်ပြနိုင်ပါသည်။

## April 15 (ဧပြီလ)

**ယေရှုသည်လည်း ကြီးသောအသံနှင့်ကြွေးကြော်တော်မူပြီးလျှင်၊ အိုအဘ ကျွန်ုပ်စိတ်ဝိညာဉ်ကို ကိုယ်တော် လက်၌ အကျွန်ုပ်အပ်ပါ၏ဟု မိန့်တော်မူလျက် အသက်ချုပ်တော်မူ၏။ (လု ၂၃း၄၆)**

ယုံကြည်စိတ်ချမှုအပြည့်အဝနှင့်အတူ ကျွန်ုပ်တို့၏ ချစ်လှစွာသော ရွေးနုတ်ရှင်သည် ခမည်းတော်ဘုရား သခင်ထံ မျှော်ကြည့်ခဲ့ပါသည်။ ခမည်းတော်၏ အကြံအစည်နှင့်နုတ်ကပတ်တော်နှင့်အတူ ညီညွတ်မှု၌ ပြင်ဆင် ပေးတော်မူမည့် ခမည်းတော်၏ တန်ခိုးတော်၌၎င်း၊ ခမည်တော်၏ ချစ်ခြင်းမေတ္တာတော်၌၎င်း၊ အနာဂတ် အ တွက်မြော်လင့်ခြင်းများအားလုံးနှင့် ဘဝအသက်တာအားလုံးတို့ကို သူသည် အပ်နှံခဲ့သည်ဟု ယုံကြည်ခြင်းအ ပြည့်အဝနှင့် ဖေါ်ပြခဲ့ပါသည်။ ထိုနည်းတူ ကျွန်ုပ်တို့သခင်၏ ခြေတော်ရာများ နောက်သို့လိုက်သောသူများ အနေဖြင့် ယုံကြည်ခြင်းနှင့်အတူ ရှေ့သို့မျှော်ကြည့်ကြရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏သေတတ်သော အချိန် နာရီ၌ ကျွန်ုပ်တို့စိတ်ဝင်စားမှုများအားလုံးတို့ကို ကျွန်ုပ်တို့၏ ရွေးနုတ်ရှင်အဖြစ် သူ၏သားတော်ကို လက်ဆောင် ပေးရုံ သာမက သူ၏စောင့်ထိန်းကွယ်ကာမှု၌၎င်း၊ ကျွန်ုပ်တို့၏ရှေ့မှသွားပြီး ကျွန်ုပ်တို့အား သန့်စွမ်းခြင်းနှင့်၊ နှစ်သိမ့် ခြင်းနှင့် စိတ်ချမှုကိုပေးသော အလွန်ကြီးမြတ်၍ အဖိုးထိုက်တန်သော ဂတိတော်များ၌၎င်း - ကျွန်ုပ်တို့၏ ခရီးစဉ် တလျှောက်လုံးတွင် ကျွန်ုပ်တို့အတွက် သူ၏မေတ္တာကို ထင်ရှားပြသခဲ့တော်မူသော သူ၏စောင့်ထိန်း ကွယ်ကာ မှုထဲသို့ အပ်နှံကြရမည်ဖြစ်ပါသည်။

## April 16 (ဧပြီလ)

**ထိုသူတို့သည် ငါစီရင်သောနေ့ရက်၌ ငါပိုင်ထိုက်သော ဘဏ္ဍာတော်ဖြစ်ကြလိမ့်မည်။ အဘ၏အမှုကို ဆောင် သောသားကို အဘနမြောသကဲ့သို့ ထိုသူတို့ကို ငါနမြောမည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့် တော်မူ၏။ (မာလ ၃း၁၇)**

သခင်ဘုရားသည် သူ၏သတို့သမီးကို ရှာဖွေရန် ကျွန်ုပ်တို့အား စေလွှတ်ခဲ့ပါသည်။ မထိုက်တန်သောသူများအဖြစ် သူငြင်းပယ်သောသူတို့ကို ပမာဏတခု၌ ကျွန်ုပ်တို့သည် စုသိမ်းကောင်းစုသိမ်းခဲ့နိုင်ပါသည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် နှလုံးသားကို မဖတ်နိုင်သောကြောင့်ဖြစ်ပါသည်။ ဤအတွေးသည် လူအပေါင်းတို့နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့အား အလွန်နှိမ့်ချစေလျက် နူးညံ့သိမ်မွေ့သောသူဖြစ်ရန်နှင့် ဘုရားသခင်ထံအလွန်နိုလှုံကိုးစားကာ ဒါဝိဒ်အား ဘိသိတ်ပေးခြင်းနှင့်အတူ ဆက်နွယ်ခြင်း၌ ရှမွေလသည် သခင်ထံသို့ မျှော်ကြည့်ခဲ့သကဲ့သို့ သူ၏အစေခံများအဖြစ် ကျွန်ုပ်တို့၏ လုပ်ဆောင်မှုများနှင့်ပတ်သက်၍ သူ၏ ဦးဆောင်ခြင်းကို များစွာမျှော်ကြည်နိုင်ရန် ကျွန်ုပ်တို့အားပြုလုပ်ပေးပါသည်။

## April 17  (ဧပြီလ)

**သို့သော်လည်း၊ သန့်ရှင်းတော်မူသော ဘုရားသခင်၏ လက်မှ သင်တို့ခံရသော ဘိသိက်ကျေးဇူးတော်သည် သင်တို့၌ရှိသည်ဖြစ်၍၊ အဘယ်သူမျှ သင်တို့ကို ဆုံးမဩဝါဒပေးစရာအကြောင်းမရှိ၊ (၁ယော ၂း၂၇)**

သခင်ဘုရား၏ ကောင်းကြီးမင်္ဂလာနှင့်တန်ခိုးတော်သည် ဒါဝိဒ်၏ဘိသိက်ပေးခြင်းအပြုအမူအချို့၌ ဆက်နွယ်ခဲ့ပါသည်။ အသိပညာ၌ တိုးတက်ဖွံ့ဖြိုးရန် သူ့အားတတ်စွမ်းနိုင်ခြင်း၊ သူဘိသိက်ခံရသောအရိုက်အရာနှင့် စပ်ဆိုင်သော တာဝန်များအတွက် သူ့အားပြင်ဆင်လျက် အံ့ဝင်ဂွင်ကျဖြစ်စေခြင်းနှင့်ပတ်သက်၍ မည်ကဲ့သို့ဖြစ်သည်ကို ကျွန်ုပ်တို့နားမလည်နိုင်ပါ။ သခင်ဘုရားအား သူမ၏လက်ခံခြင်း၏အချိန်မှ အသင်းတော်အပေါ်သို့ ရောက်ရှိလာသော ဘိသိက်အတွက် အစစ်အမှန်တခုအဖြစ် ကျွန်ုပ်တို့စဉ်းစားတွေးတောနိုင်ပါသလား?။ ကျွန်ုပ်တို့၏ ဘိသိက်သည် ရုပ်ပိုင်းဆိုင်ရာ ဘိသိက်မဟုတ်ပါ။ တဒင်္ဂဆိုင်ရာ စရိုက်လက္ခဏာတခုအတွက် အပ်နှင်းခဲ့သောကောင်းကြီး မင်္ဂလာလဲမဟုတ်ပါ။ အသစ်သော သတ္တဝါများအဖြစ် ကျွန်ုပ်တို့သည် ကျေးဇူးတော်၌၎င်း၊ အသိပညာ၌၎င်း၊ ချစ်ခြင်းမေတ္တာ၌၎င်း ကြီးထွားသောအရာဖြစ်ပါသည်။ အသစ်သောသတ္တဝါများအဖြစ် တဖြည်းဖြည်းဖြင့် ကျွန်ုပ်တို့သည် ပထမရှင်ပြန်ထမြောက်ခြင်း၌ စုံလင်ခြင်းရှိကြလိမ့်မည်ဖြစ်ပြီး ကျွန်ုပ်တို့၏ ဦးခေါင်းအဖြစ် ကျွန်ုပ်တို့၏ သခင်ဘုရားနှင့်အတူ ပလ္လင်တော် သို့ ရောက်ရှိလာကြမည်ဖြစ်ပါသည်။

## April 18  (ဧပြီလ)

**ချစ်သူတို့ သင်တို့ကို စုံစမ်းစရာဘို့ ယှဉ်ခံရသော မီးစစ်ခြင်းအရာကိုကား၊ သင်တို့၌ အံ့ဩဘွယ်သောအရာဖြစ်သည်ဟု ထင်မှတ်၍ အံ့ဩခြင်းမရှိကြနှင့်၊ သင်တို့သည် ခရစ်တော်၏ ဆင်းရဲကို ဆက်ဆံကြသည်ဖြစ်၍၊ ဘုန်းတော်ပေါ်ထွန်းသောအခါ အလွန်ဝမ်းမြောက်ရွှင်လန်းမည့်အကြောင်း၊ ယှဉ်ပင်ဝမ်းမြောက်ကြလော့။ (၁ပေ ၄း၁၂၊ ၁၃)**

ခင်မင်ရင်နှီးခြင်းမရှိသောလောကတခုထဲ၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ သခင်အားပြစ်တင်ဝေဖန်ခြင်းများကိုသာလျှင် လက်ခံရရှိရန် မျှော်လင့်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်သည် သူ၏သခင်အထက်၌မရှိသောကြောင့်ဖြစ်ပါသည်။ လောက၊ ဇာတိနှင့်မာနတ်သည် ကျွန်ုပ်တို့၏လမ်းခရီးကို ဆန့်ကျင်ပါသည်။ အ

တွင်း၌ တိုက်ခိုက်ခြင်းများရှိပြီး အပြင်ဘက်၌လည်း ကြောက်ရွံ့ခြင်းများရှိကြပါသည်။ ဖြောင့်မတ်သောသူတို့ထံသို့ ပစ်သောမီးမြှားများနှင့်မြှားတို့မှာ များစွာရှိကြပါသည်။ သို့သော် ဒုက္ခဆင်းရဲများနှင့်ပြင်းထန်သော စစ်ဆေးခြင်းများအောက်၌ ကျွန်ုပ်တို့၏ လုံခြုံစိတ်ချရသော သဘောထားမှာ မည်သို့ဖြစ်ပါသနည်း? မကြာခဏများစွာပါဝင်သောအရာများကို ထိတွေ့ရန် ထင်မြင်ယူဆခြင်းမတိုင်မှီ အမှုအရာတိုင်း၌ သူ၏အလိုတော်၊ သူ၏ ဦးဆောင်ခြင်းကို မြင်တွေ့ရန် ဦးစွာစောင့်ကြည့်လျက် မျော်လင့်ခြင်း၊ ဘုရားသခင်၏ ရှေ့တော်၌ ငြိမ်ဝပ်စွာနေခြင်းမဟုတ်ပေဘူးလား? ထို့ကြောင့် ဆာလံဆရာမှ တိတ်ဆိတ်ခြင်းနှင့်အတူ ကျွန်ုပ်သည် 'အ' လျက်ရှိပြီး။ ဆာလံဆရာ မှ ကောင်းသောအရာမှ ကျွန်ုပ်၏ ငြိမ်သက်ခြင်းကို ကျွန်ုပ်ဆုပ်ကိုင်သည်ဟု (ကျွန်ုပ်၏အမြင်ရှုထောင့်၌ ကောင်းသည်ဟု ထင်မြင်ရသောအရာကို လုပ်ဆောင်ခြင်း(သို့) ပြောဆိုခြင်းမှပင်လျှင်) ပြောဆိုလျက် ဆာလံဆရာမှ အကြံပေးထားပါသည်။

## April 19 (ဧပြီလ)

**စိတ်နှလုံးအပြည့်ရှိသည့်အတိုင်း နှုတ်မြွက်တတ်၏။ ကောင်းသောသူသည် ကောင်းသောစိတ်နှလုံးဘဏ္ဍာတိုက်ထဲက ကောင်းသောအရာတို့ကို ထုတ်ဘော်တတ်၏။ မကောင်းသောသူသည် မကောင်းသောဘဏ္ဍာတိုက်ထဲက မကောင်းသောအရာတို့ကို ထုတ်ဘော်တတ်၏။ (မ ၁၂း၃၄၊ ၃၅)**

ကျွန်ုပ်တို့၏ ဦးစွာအလေးထားရမည့်အရာမှာ ဘုရားသခင်၏ ကျေးဇူးတော်၏ထိန်းချုပ်မှုအောက်တွင် ၎င်း၏ ချစ်ခင်တွယ်တာမှုများနှင့် တိမ့်ညွတ်မှုများကို ပြည့်ဝစွာရှိနေနိုင်သော၊ သမ္မာတရားနှင့်ဖြောင့်မတ်ခြင်း၏ နိယာမတိုင်းကို ပလ္လင်ပေါ်၌ တင်ထားနိုင်သော၊ တရားသဖြင့်စီရင်ခြင်း၊ ကရုဏာ၊ ချစ်ခြင်း၊ ညီအစ်ကိုချင်း ချစ်ခြင်းမေတ္တာ၊ ယုံကြည်ခြင်း၊ ကြင်နာခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း၊ ဘုရားသခင်နှင့်ခရစ်တော်အား အလွန်ရိုသေလေးမြတ်ခြင်းနှင့်သန့်ရှင်းခြင်းနှင့်ဆိုင်သော လုပခြင်းအားလုံးတို့အား စိတ်အားထက်သန်စွာ ချစ်ခြင်းစသည်တို့ကို ဘဝအသက်တာတွင် အုပ်စိုးလျက်ရှိသောအခြေခံနိယာမများအဖြစ် ခိုင်မာစွာ တွဲကပ်ချည်နှောင်ထားနိုင်သော - " နှလုံးသား " ဖြစ်သင့်ပါသည်။ ဤနိယာမတရားများကို နှလုံးသားထဲ၌ တည်ဆောက်ကာ ခိုင်မြဲစွာချည်နှောင်ထားခဲ့မည်ဆိုလျှင် စိတ်နှလုံး၏ ကောင်းသောဘဏ္ဍာတိုက်ထဲမှ သမ္မာတရားနှင့်စပ်ဆိုင်သောစကားများ လေးလေးနက်နက်ဆင်ခြင်တွေးခေါ်ခြင်းများ၊ ပညာနှင့်ကျေးဇူးတရားကို "နှုတ်" သည်ထုတ်ဘော်ပြောဆိုလိမ့်မည်ဖြစ်ပါသည်။

## April 20 (ဧပြီလ)

**အနည်းငယ်သောအမှု၌ သစ္စာရှိသောသူသည် ကြီးသောအမှု၌လည်း သစ္စာရှိလိမ့်မည်။ (လု ၁၆း၁၀)**

ဘုရားသခင်၏ လူတို့သည် အိမ်၌ (သို့) ဆိုင်၌ နေစဉ်ဘဝအသက်တာကို ပုံမှန်သမရိုးကျ လုပ်ရိုးလုပ်စဉ်နှင့်အတူ တင်းတိမ်ရောင့်ရဲကြရမည့်သူများဖြစ်ကြသည်ဟု ဤအရာမှဆိုလိုနေခြင်းမဟုတ်ပါ။

ဘုရားသခင်၏လူတို့သည် ပို၍လိုလားသောအခြားသောပုံစံအချို့၌ "သူ"ထံသို့ တိုက်ရိုက်ပေးသကဲ့သို့ ဘုရားသခင်သည် ကျွန်ုပ်၏လုပ်ဆောင်မှုကို လက်ခံသည်ဟု သူတို့ကိုယ်သူတို့ ပြောဆိုကြလျက် အိမ်၌၎င်း (သို့)

ဆိုင်၌ရှင်း နေစဉ်ဘ၀အသက်တာကို ပုံမှန်သမရိုးကျ လုပ်ရိုးလုပ်စဉ်နှင့်အတူ တင်းတိမ်ရောက်ရှိကြ ရမည့်သူများဖြစ်ကြသည်ဟု ဤအရာမှဆိုလိုနေခြင်းမဟုတ်ပါ။ သို့သော် အယောက်စီတိုင်းတို့သည် မြေကြီး ဆိုင်ရာစိတ်ဝင်စားမှုများနှင့် မြေကြီးဆိုင်ရာအရာများကို အစေခံခြင်းမှ အချိန်နာရီများ (သို့) နေ့ရက်များကို သူ သည်တရားမျှတစွာ၊ သင့်လျော်စွာ မည်ကဲ့သို့ ဖြတ်တောက်ရမည်ကို မြင်တွေ့ရန် သူ၏မြေကြီးဆိုင်ရာတာဝန် ဝတ္တရားများကို တရက်ပြီးတရက် နီးနီးကပ်ကပ်စစ်ဆေးသင့်သည် ဆိုလိုနေခြင်းဖြစ်ပါသည်။ ယွခုအချိန်သည် သူကိုယ်တိုင်နှင့်အခြားသူတို့၏ ဝိညာဉ်ပိုင်းဆိုင်ရာအရာများနှင့် စိတ်ဝင်စားမှုများအတွက် ယဇ်ပူဇော်ရန် အ တွက် ပေးနိုင်သောအချိန်ကာလဖြစ်ပါသည်။ ဆက်ကပ်အပ်နှံထားသောနှလုံးသား၊ ယဇ်ပူဇော်လျက်ရှိသော ယဇ်ပရောဟိတ်သည် လျှင်မြန်စွာပျံ သန်းလျက်ရှိသောအလွန်တိုတောင်းသည့်အချိန်ကာလများကို ခမည်း တော်ဘုရားသခင်၏ အမှုကိစ္စ၌ ဖြစ်နိုင်သည့်အတိုင်း အသုံးပြုလျက် အကျိုးရှိအောင်အသုံးပြုမည့် သူတဦး ဖြစ်ပါသည်။

## April 21 (ဧပြီလ)

**ငါတို့ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသော ဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သောသူမဟုတ်။ ငါတို့ခံရ သည့်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောက်ယှက်ခြင်းတို့ကို ခံဘူးသောသူ ဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက်အ ပြစ်နှင့်ကင်းလွတ်တော်မူ၏။ ထို့ကြောင့် ငါတို့သည် သနားခြင်းကရုဏာကိုရှင်း၊ တော်လျော်သောမစခြင်း ကျေး ဇူးတော်ကိုရှင်း၊ ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့်ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့။ (ဟေဗြဲ ၄း၁၅၊ ၁၆)**

စုံစမ်းနှောက်ယှက်ခြင်း၏ အချိန်ကာလ၌ သူ့ကိုချစ်သောသူတို့အကျိုးအဖို့အလိုငှါ ခပ်သိမ်းသောအရာတို့ ကိုတညီတညွတ်တည်းပြုစုဖို့ရန် သူ၏အလိုရှိခြင်းနှင့်သူ၏ မေတ္တာ၊ သူ၏ဉာဏ်ပညာနှင့်ကျွန်ုပ်တို့အား ကူညီရန် သူ၏အရည်အချင်းကို သိမှတ်လျက် ယုံကြည်စိတ်ချမှုအပြည့်အ၀၌ ကြီးစွာသောသခင်ထံသို့ နှလုံးသားကို ချီမ သင့်ပါသည်။ ဤကဲ့သို့လိုအပ်သော အချိန်၌ အကူအညီအတွက် တောင်းခံခြင်းသည် ဖြောင့်မတ်ခြင်း၊ သမ္မာတ ရား၊ စင်ကြယ်ခြင်းနှင့်ချစ်ခြင်းမေတ္တာအတွက် သခင်၏အကြံဉာဏ်၊ အကူအညီနှင့်ခွန်အားသည် ကျွန်ုပ်တို့ထံသို့ အမှန်တကယ်ရောက်ရှိလာလိမ့်မည်ဖြစ်ပါသည်။ ထိုကဲ့သို့အားဖြင့် ကျွန်ုပ်တို့သည် နာရီတိုင်းတွင် အောင်မြင် သောသူ၊ နေရက်တိုင်းတွင် အောင်မြင်သောသူဖြစ်လျက် နောက်ဆုံးတွင် အောင်မြင်သောသူများဖြစ်နိုင်ကြမည် ဖြစ်ပါသည်။

## April 22 (ဧပြီလ)

**ငါဆိုသည်ကား၊ လူတို့သည် အကျိုးမဲ့သောစကားကို ပြောသမျှအတွက်၊ တရားဆုံးဖြတ်သောနေ့၌ စစ်ကြော ခြင်းကို ခံရကြသတည်း။**

ခရစ်ယာန်တိုင်၏ တာဝန်ဖြစ်သော ကျွန်ုပ်တို့၏လမ်းများကို နေ့စဉ်သေသေချာချာစစ်ဆေးခြင်း၌ ကျွန်ုပ်တို့သည် အထူးသဖြင့် ကျွန်ုပ်တို့၏ စကားများသည် ဘုရားသခင်အား မရိုသေမလေးစားဖြစ်လျက်ရှိသည်ကို ရှာ ဖွေတွေ့ရှိခဲ့သော် ကျွန်ုပ်တို့၏ အမှုဆောင်သခင်နာမ၌ ကျေးဇူးတော်ပလ္လင်သို့ တိုးဝင်ချဉ်းကပ်နိုင်ပါသည်။ အ မှားကို ကျွန်ုပ်တို့၏သိမှတ်နားလည်ခြင်း၊ သန့်ရှင်းသောလျှောက်လှမ်းခြင်းနှင့် ပြောဆိုခြင်းအားဖြင့် သူ၏နာမတော်နှင့်သူ၏ဂုဏ်အင်္ဂါ၏ ချီးမြှောက်ရန်၊ ဘုန်းကိုထင်ရှားစေရန် ကျွန်ုပ်တို့၏ ပျက်ကွက်ခြင်း၌ လေးနက်သော နောင်တ၊ အမှားကို ကျွန်ုပ်တို့၏ သိမှတ်နားလည်ခြင်းကို ခမည်းတော်ဘုရားသခင်ထံ ရှင်းပြလျက် ထိုအပြစ်အား ကျွန်ုပ်တို့၏ စွဲချက်အတွက် ချမထားရန် နှိမ့်ချစွာ တောင်းလျှောက်ပါ၊ သို့သော် ခရစ်တော်အားဖြင့် ကျွန်ုပ်တို့၏ စင်ကြယ်စေခြင်းအတွက် သူ၏ (အဖိုးထိုက်တန်သော) ကရုဏာရှိသော မစတော်မူသောအားဖြင့် ဖုံးအုပ်စေနိုင်ပါသည်။ ကျွန်ုပ်တို့၏ မြော်လင့်ခြင်းများ၊ ခိုလှုံကိုးစားခြင်းများအားလုံးတို့သည် သူ၏အဖိုးထိုက်တန်သော အသွေးတော်၌ရှိသည်ဟု နှိမ့်ချစွာ အခိုင်အမာပြောဆိုခြင်းကို အောက်မေ့သတိရသင့်ကြပါသည်။ ထို့ကြောင့် အကျိုးမဲ့သောစကားများအတွက် ကျွန်ုပ်တို့၏ စာရင်းကို ပြန်လည်ပေးသင့်ကြပါသည်။

ခရစ်တော်၏ ကျေးဇူးပြုခြင်းအားဖြင့် ဖြည့်စွက်ထားသောအရာကို ယုံကြည်ခြင်းအားဖြင့် တောင်းလျှောက်သည့် နောင်တနှင့်စပ်ဆိုင်သောစကားများအားဖြင့် ကျွန်ုပ်တို့သည် အပြစ်မှကင်းစင်ခြင်းရှိလိမ့်မည်ဖြစ်ပါသည်။

## April 23 (ဧပြီလ)

**ကောင်းသောမြေ၌ ရှိသောသူကား၊ ဖြောင့်မတ်စင်ကြယ်သောစိတ်နှလုံးနှင့် တရားစကားကို ကြားလျှင်၊ စွဲလမ်းသောအားဖြင့် မြဲမြံစွာ အသီးသီးသောသူကို ဆိုလိုသတည်း။** (လု ၈း၁၅)

ယဇ်ပုဇော်သောသူတဦးဖြစ်လိမ့်မည်ဖြစ်သောသူတို့သည် နှိမ့်ချသောသူ၊ နူးညံ့သိမ်မွေ့သောသူ၊ သွန်သင်လွယ်သောသူ မဖြစ်မနေဖြစ်ကြရမည်ဖြစ်ပါသည်။ သို့မဟုတ်လျှင် သူသည် လမ်းခရီးမှ မကြာခင်ထွက်ခွါသွားမည်ဖြစ်ပါသည်။ သူသည် သီးခံခြင်းနှင့်စပ်ဆိုင်သော လမ်းကြောင်းတလျောက် ဘုရားသခင်၏ ကျေးဇူးတော်ကို တိုးတက်ဖွံ့ဖြိုးရန်ကိုလည်း လေ့လာရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သခင်ဘုရား၏အကျိုးအတွက် (သို့) သူ၏လူအချို့တို့အတွက် ထိခိုက်အောင်ပြုလုပ်ခြင်းမရှိဘဲ ရှောင်ရှားဖို့ရန် သင့်လျော်သောနည်းလမ်းမရှိသော မတရားသောအခြေအနေ အချိန်အခါများ၌ အပ်နှံဖို့ရန်နှင့် ကျွန်ုပ်တို့ကိုယ်ကို ငြင်းပယ်ဖို့ရန်အတွက် သီးခံခြင်းအား အသေအချာလိုအပ်သောကြောင့် ဖြစ်ပါသည်။ ၎င်းသည် ညီအစ်ကိုချင်း ဆိုင်ရာကြင်နာခြင်းကို တိုးတက်ဖွံ့ဖြိုးစေခြင်းကိုလည်း ရည်ညွှန်းပါသည်။ ကျွန်ုပ်တို့၏ နှလုံးသားများနှင့်အသက်တာများ၌ ဘုရားသခင်၏ အလိုတော်တခုလုံးအား ဖွံ့ဖြိုးတိုးတက်ခြင်းအား စကားလုံးတခု၌ ပြောရမည်ဆိုလျှင် ကျွန်ုပ်တို့၏ မြေကြီးဆိုင်ရာ ယဇ်ပုဇော်ခြင်း၏အလုပ် ပြီးပြည့်စုံကြမည့်အချိန်မတိုင်မီ လုပ်ရပ်များကို အောင်မြင်ခြင်းနှင့်ကြီးစွာသောအတိုင်း အတာပမာဏတခု၌ ရရှိရမည်ဖြစ်သော " ချစ်ခြင်းမေတ္တာ " ဖြစ်ပါသည်။

## April 24 (ဧပြီလ)

**ထိုသို့ ငါတို့ရှိသမျှသည် ကိုယ်နှင့်စပ်ဆိုင်သောသူ၏ အကျိုးကိုထောက်၍၊ သူ့ကိုတည်ဆောက်စေခြင်းငှါ သူ၏ အလိုသို့လိုက်ကြကုန်အံ့။ (ရော ၁၅း၂)**

ယ္ခုလက်ရှိ အချိန်ကာလ၌ သူတို့၏ ခေါ်တော်မူခြင်း၊ အလုပ်နှင့် သူတို့၏အရိုက်အရာနှင့်သက်ဆိုင်သောအထူးသာသနာမှာ ယဇ်ပူဇော်ရန်ဖြစ်သည်ဟူသောအရာမှာ မင်းစည်းစိမ်ရှိသော ယဇ်ပရောဟိတ်အနွယ်တို့နှင့်စပ်ဆိုင်သောအယောက်စီတိုင်းအတွက် သင်ခန်းစာဖြစ်ပါသည်။ ယဇ်ပရောဟိတ်အမျိုးအနွယ်တို့အားဖြင့် မကြာခဏပိုင်းခြား၍သိမှတ်နားလည်ခြင်းမရှိသော အစေခံခြင်းနှင့်စပ်ဆိုင်သော ပုံစံတခုမှာ ကျွန်ုပ်တို့၏ ကိုယ်ပိုင်နည်းလမ်းများ(သို့) အစီအစဉ်များ၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင်နည်းစနစ်များ(သို့) နှစ်သက်သောအရာများကို စွန့်လွှတ်ခြင်းနှင့်သက်ဆိုင်သော အခွင့်အလန်းနှင့်ကိုယ်တဦးတည်နှင့်သက်ဆိုင်သည့် နှစ်သက်ခြင်း၏အမူအရာများ၌ငှင်း အခြားနည်းလမ်းတခုကဲ့သို့ နည်းလမ်းတခုရှိ ရန် အလိုရှိသကဲ့သို့ ဘုရားသခင်သည် အလိုရှိလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်သော အမူအရာများ၌ငှင်း အခြားသူ တို့၏ နှစ်သက်ခြင်းများ၊ အစီစဉ်များကို လက်ခံခြင်းဖြစ်ပါသည်။ ဤကဲ့သို့သော လမ်းကြောင်းတခုအားဖြင့် ကောင်းသောအရာတစုံတရာရရှိနိုင်သည်ကို ကျွန်ုပ်တို့တွေ့မြင်ခဲ့လျှင် ငြိမ်သက်ခြင်းကို စိတ်ဝင်စားခြင်းများ၌ အခြားသူတို့၏အလိုဆန္ဒများအတွက် ကျွန်ုပ်တို့၏ နှစ်သက်ခြင်းများကို ယဇ်ပူဇော်နိုင်ပါသည်။

## April 25 (ဧပြီလ)

**ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့်မတွေ့နိုင်။ အကြောင်းမူကား ဘုရားသခင်အထံတော်သို့ ချဉ်းကပ်သောသူသည် ဘုရားသခင်ရှိတော်မူသည်ကိုငှင်း၊ ကိုယ်တော်အား ရှာသောသူအား အကျိုးပေးတော်မူသည်ကိုငှင်း ယုံကြည်ရမည်။ (ဟေဗြဲ ၁၁း၆)**

သင်ယုံကြည်သည့်အတိုင်း သင်၌ဖြစ်စေ ဟူသောအရာသည် သူတို့၏ ခရစ်ယာန်လမ်း လျှောက်လှမ်းခြင်းနှင့်အတွေ့အကြုံ၏အစမှ အဆုံးထိ၊ သူ၏တပည့်တော်များအားလုံးတို့နှင့်အတူ ဆက်ဆံခြင်း နှင့်စပ်ဆိုင်သော သခင်ဘုရား၏ နည်းဥပဒေသဖြစ်ရန် ထင်မြင်ရပါသည်။ ကျွန်ုပ်တို့အား သူသည် သတိမမူဟုထင်မြင်ရသော အခါ ယုံကြည်ခြင်း၊ ကျွန်ုပ်တို့၏ ဝိညာဉ်ပိုင်းဆိုင်ရာအင်္ဂါးအတာများ၌ငှင်း၊ ကျွန်ုပ်တို့၏ တဒင်္ဂဆိုင်ရာ အင်္ဂါး အတာများ၌ငှင်း၊ အရာခပ်သိမ်းတို့သည် အောင်မြင်ကြွယ်ဝစွာ ရှိနေသည်ဟု ထင်မြင်ရသောအချိန် ယုံကြည်ခြင်းနှင့် မျက်မှောက်အခြေအနေနှင့် အင်အားများအားလုံးတို့သည် ကျွန်ုပ်တို့အား ဆန့်ကျင်သည်ဟု ထင်မြင်ရသော အချိန် တွင်လည်း ယုံကြည်ခြင်းမှာ သန်စွမ်းပါသည်။

လောကကိုအောင်မြင်သော အောင်မြင်ခြင်းသည် "သူ"၏ကောင်းမြတ်ခြင်းနှင့်သစ္စာရှိခြင်း၌ လုံးဝဥဿုံ ယုံကြည်စိတ်ချခြင်းနှင့်အတူ အခြေအနေအားလုံး၌ ဘုရားသခင်ထံ မျှော်ကြည့်နိုင်သော ယုံကြည်ခြင်းဖြစ်ပါသည်။ သူ၏ ဂတိတော်များနှင့်အညီ၊ ကျွန်ုပ်တို့၏ အကျိုးအဖို့အလို့ငှါ ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် သူ၏ လူဖြစ်ကြသောကြောင့် ဖြစ်ပါသည်။

## April 26 (ဧပြီလ)

**ဘုရားသခင်သည် မိမိအမှုအရာတို့ကို ပြီးစီး၍ ငြိမ်ဝပ်စွာ နေတော်မူသည်နည်းတူ ထိုချမ်းသာထဲသို့ ဝင်ရသော သူသည်လည်း မိမိအမှုအရာတို့ကို ပြီးစီး၍ ငြိမ်ဝပ်စွာနေရ၏။** (ဟေဗြဲ ၄း၁၀)

ခုနစ်ရက်မှ တရက်ကိုတောင်းဆိုခြင်းအစား ချစ်ခြင်းမေတ္တာနှင့်စပ်ဆိုင်သောတရားသည် ကျွန်ုပ်တို့၏ အလုံးစုံသောအချိန်ကို ထိန်းချုပ်ပါသည်။ ရက်သတ္တပတ်၏ ခုနစ်ရက်စလုံး ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဘုရားသခင်အား စိတ်နလုံးအကြွင်းမဲ့ အစွမ်းသတ္တိရှိသမျှဖြင့် ချစ်ကြရမည်ဖြစ်ပါသည်။ ရက်သတ္တပတ်၏ ခုနစ်ရက်ပတ်လုံး ကျွန်ုပ်တို့ ငြိမ်ဝပ်စွာ အနားယူကြရမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်အလုပ်များမှ အနားယူခြင်း၊ ပြီးစီးခဲ့တော်မူသော ခရစ်တော်၏အလုပ်၌ ယုံကြည်ခြင်းအားဖြင့် အနားယူခြင်း၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၌ အနားယူခြင်း၊ ကျွန်ုပ်တို့၏ နလုံးသားများ၌ အဆက်မပြတ် အုပ်စိုးလျက်ရှိသော၊ ဘုရားသခင်၏ ငြိမ်သက်ခြင်း၌ အနားယူခြင်းဖြစ်ပါသည်။

## April 27 (ဧပြီလ)

**ယေရှုခရစ်၌ ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။** (ဖိ ၂း၅)

ခရစ်တော်၏ စိတ်သဘောရှိဖို့ရန်သည် တရားနှင့်ညီသော ကြိုးပမ်းခြင်းနှင့်စပ်ဆိုင်သောတောင်းဆိုမှုတခု အမှန်တကယ်ဖြစ်ပါသည်။ ခေတ်ကာလများနှင့်စပ်ဆိုင်သောသူ၏ အကြံအစည်၌ ဖေါ်ပြထားခဲ့သည်အတိုင်း ဘုရားသခင်၏အလိုတော်ထဲသို့ နှိမ့်ချစွာ၊ သစ္စာရှိစွာ အပ်နှံသောစိတ်သဘော၊ သူ၏အလိုတော်ကို ပြီးမြောက်ဖို့ရန် အစွမ်းသတ္တိအားလုံးကို ပေးဆပ်သော စိတ်သဘော (အဆုံးအား သိမြင်နားလည်သော အသိအမှတ်ပြုခြင်း တခု သူ့တွင်ရှိသောကြောင့်) ဖြစ်ပါသည်။

ခရစ်တော်၌ ရှိခဲ့သော ထိုစိတ်သဘောနှင့်အတူ အလွန်ပြည့်ဝခဲ့မည်ဆိုလျှင် ကျွန်ုပ်တို့သည် သူကဲ့သို့ မြေကြီးဆိုင်ရာ အင်နေ်းအတာများကို ငြိတွယ်စေခြင်းမှ လွတ်မြောက်နိုင်သမျှ လွတ်မြောက်ခြင်းရှိရန်နှင့် သခင်ဘုရား၏အမှုတော်အတွက် ကျွန်ုပ်တို့၏ အချိန်များကို ဖြစ်နိုင်သမျှအတိုင်း လွတ်လပ်နိုင်သမျှ လွတ်လပ်မှုရှိရန် အလိုဆန္ဒရှိမည်ဖြစ်ပါသည်။ ထိုနောက် ထိုအစေခံခြင်းအတွက် အစွမ်းသတ္တိ၊ အရည်အချင်းနှင့် အားထုတ်မှုအားလုံးတို့ကို ပေးရန် အလိုဆန္ဒရှိမည်ဖြစ်ပါသည်။

## April 28 (ဧပြီလ)

**ထိုမျှမက၊ ဒုက္ခဆင်းရဲခြင်းကိုခံ၍ ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏။ အကြောင်းမူကား ဒုက္ခဆင်းရဲခြင်းသည် သည်းခံခြင်းကို ပြုစုတတ်၏။ သည်းခံခြင်းသည်လည်း သက်သေထင်ရှားခြင်းကို ပြုစုတတ်၏။ သက်သေထင်ရှားခြင်း**

**သည်လည်း မြော်လင့်ခြင်းကို ပြုစုတတ်၏။ ထိုမြော်လင့်ခြင်းသည် ရှက်ကြောက်စရာအကြောင်းနှင့်ကင်းလွတ်၏။ အဘယ်ကြောင့်နည်းဟူမူကား၊ ငါတို့အား ပေးတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏ မေတ္တာတော်ကို ငါတို့ စိတ်နှလုံးထဲသို့ ညွန်းလောင်းတော်မူ၏။ (ရောမ ၅း ၃ - ၅)**

ကျွန်ုပ်တို့တွင် သည်းခံခြင်းရှိရန် လိုအပ်ပါသည်။ ထိုအရာကို ဒုက္ခဆင်းရဲခြင်းအားဖြင့်သာလျှင် ရရှိနိုင်ပါသည်။ ကျွန်ုပ်တို့တွင် ယုံကြည်ခြင်းရှိရန် လိုအပ်ပါသည်။ ထိုအရာကိုလိုအပ်မှုများအားဖြင့်သာလျှင် တိုးတက်စေနိုင်ပါသည်။ ကျွန်ုပ်တို့၏ အနာဂတ်အလုပ်အတွက် ကျွန်ုပ်တို့တွင် အတွေ့အကြုံ (သက်သေထင်ရှားခြင်း) ရှိရန်လိုအပ်ပါသည်။ ထိုအတွေ့အကြုံကို ကျွန်ုပ်တို့နှင့်စပ်လျဉ်းသောသူတို့၏ အားနည်းချက်များ၊ အခက်အခဲများနှင့် စစ် ကြောခြင်းများနှင့်စပ်ဆိုင်သော ခံစားချက်တခုနှင့်အတူ ထိတွေ့မှုရှိရန် ကျွန်ုပ်တို့အား ခွင့်ပြုသော ဤကဲ့သို့သော အတွေ့အကြုံများအားဖြင့်သာလျှင် ရရှိနိုင်ပါသည်။ ကျွန်ုပ်တို့သည် ပလ္လင်တော်ပေါ်သို့ ရောက်ရှိသောအခါ သူတို့အတွက် ကျွန်ုပ်တို့သည် အမှုဆောင်များနှင့် ကိုယ်စလှယ်များဖြစ်ကြလိမ့်မည်ဖြစ်သည်။ သို့ဖြစ်လျှင် ကျွန်ုပ်တို့အတွက် လက်ရှိအတွေ့အကြုံများနှင့် စပ်ဆိုင်သော သင်ခန်းစာမှာ အဆိုးကို ဆန့်ကျင်ဖို့ရန် ဖြစ်ပါသည်။ အဆိုးကို အဆိုးအားဖြင့်မဟုတ်ဘဲ အကောင်းအားဖြင့် ဆန့်ကျင်ဖို့ရန်ဖြစ်ပါသည်။

## April 29 (ဧပြီလ)

**သူသည် ငါ့ကိုခေါ်သောအခါ ငါထူးမည်။ ဒုက္ခခံရသောအခါ သူ့ဘက်မှာ ငါနေ၍ ချမ်းသာပေးမည်။ သူ၏ဘုန်းကိုလည်း ထင်ရှားစေမည်။ (ဆာ ၉၁း၁၅)**

ကျွန်ုပ်တို့၏ ဝမ်းနည်းခြင်းများနှင့် စိတ်အနှောက်အယှက်ဖြစ်စေသည့်အရာများကို ဘုရားသခင်ထံတော်သို့ သယ်ဆောင်ရန် ဤကောင်းကြီးမင်္ဂလာနှင့်ပြည့်စုံသောအခွင့်အလန်းသည် အမြဲတမ်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘဝ၏ ဒုက္ခဆင်းရဲခြင်းများမှ ခါးသီးခြင်းကို မည်ကဲ့သို့ ကိုင်တွယ်ရမည်ကို သူသည် သိသောကြောင့်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ပြင်းပြစွာလိုလားတောင့်တခြင်းကို ကျေနပ်စေရန် (သို့) ဒဏ်ရာရှိသောစိတ်ကို နစ်သိမ့်စေရန်အတွက် မြေကြီးဆိုင်ရာအရာများအားလုံး၏ အနှစ်သာရကင်းမဲ့ခြင်းနှင့် သူတို့၏ လုံးဝသသုံးမတတ်နိုင်ခြင်းအတွေ့အကြုံအားဖြင့် ကျွန်ုပ်တို့အား ဖော်ပြခြင်းအားဖြင့် ဘုရားသခင်သည် ကိုင်တွယ်လုပ်ဆောင်ပါသည်။ ထိုအခါ ကျွန်ုပ်တို့၏ အတွေ့အကြုံများသည် မည်သို့ပင် စိတ်အနှောက်အယှက်ဖြစ်နေစေကာမူ သူတို့သည် မကြာခင်ပြီးဆုံးသွားလိမ့်မည်ဟု အတွေးသည် ရောက်ရှိလာပါသည်။ အကယ်၍ သူတို့အား ကျွန်ုပ်တို့သည် ထိုကဲ့သို့လုပ်ဆောင်ရန် ခွင့်ပြုခဲ့သော် သူတို့သည် ကျွန်ုပ်တို့အထဲ၌ ဖြောင့်မတ်ခြင်းနှင့်စပ်ဆိုင်သော ငြိမ်သက်ခြင်းအသီးအပွင့်များကိုသာလျှင် ဖွံ့ဖြိုးစေမည်ဖြစ်ပြီး ဘုရားသခင်၌ ခိုလှုံခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊ ဒုက္ခဆင်းရဲခြင်းများကို ကြံကြံခံသည်းခံခြင်း၊ ဉာဏ်ပညာရှိစွာ လေးလေးနက်နက်စဉ်းစားတွေးတောခြင်းနှင့် ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်းအတွက် ပဲ့ပြင်သည့် သန်စွမ်းပြီး မွန်မြတ်သောစရိုက်လက္ခဏာများကိုသာလျှင် ကျွန်ုပ်တို့အထဲ၌ တိုးတက်ဖွံ့ဖြိုးစေမည်ဖြစ်ပါသည်။

## April 30 (ဧပြီလ)

**သင်တို့မူကား၊ မှောင်မိုက်ထဲမှ အံ့ဘွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးများကို ဘော်ပြစေခြင်းငှါ၊ ရွေးချယ်တော်မူသောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသောအပေါင်းအသင်းဖြစ်ကြ၏။ (၁ပေ၊ ၂း၉)**

ဤအလင်းထဲသို့ ကျွန်ုပ်တို့အား ခေါ်တော်မူခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကျွန်ုပ်တို့သည် အလင်းအား ထွန်းလင်းနိုင်ဖို့ရန်ဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့သည် ၎င်းအားမထွန်းလင်းခဲ့သော် ကျွန်ုပ်တို့သည် ၎င်းနှင့် မထိုက်တန်သောသူများဖြစ်ကြပြီး ဘဏ္ဍာမှာ အဝေးသို့ယူဆောင်ခြင်းခံရလိမ့်မည်ဖြစ်ကာ ကျွန်ုပ်တို့သည် မှောင်မိုက်ခြင်း၌ ကျန်ရစ်ခဲ့လိမ့်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အလင်းအား အမှန်တကယ်လက်ခံရရှိခဲ့ပြီး ဘုရားသခင်ထံသို့ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့အား အပြည့်အဝဆက်ကပ်အပ်နှံခဲ့ပြီးလျှင် “ မှောင်မိုက်မှ ကျွန်ုပ်ကို ခေါ်တော်မူခဲ့သောသူ၏ ဂုဏ်ကျေးဇူးများကို ဘော်ပြစေခြင်းငှါ ကျွန်ုပ်သည် မည်သည့်အရာကို လုပ်ဆောင်လျက်နေပါသနည်း ” ဟု ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ မေးကြပါစို့။ ကျွန်ုပ်သည် ဤဝမ်းမြောက်ဘွယ်ရာ သတင်းစကားနှင့်အတူ ကျွန်ုပ်၏ အနီးအနားနှင့် အဝေးမှာရှိသော ကျွန်ုပ်နှင့်သက်ဆိုင်သောသူတို့ထံ သယ်ဆောင်လျက်ရှိပါသလား?

အရာအားလုံးသည် သခင်ယေရှုအတွက်ဖြစ်သည်၊ အရာအားလုံးသည် သခင်ယေရှုအတွက်ဖြစ်သည် ရွေးနုတ်ထားခြင်းခံရသော ကျွန်ုပ်ဖြစ်ခြင်း၏ အစွမ်းသတ္တိအားလုံး၊ ကျွန်ုပ်၏တွေးတောစဉ်းစားခြင်းအားလုံး၊ စကားလုံးများ၊ ပြုမူလုပ်ဆောင်ခြင်းများ၊ ကျွန်ုပ်၏ နေရက်များအားလုံးနှင့် ကျွန်ုပ်၏အချိန်နာရီအားလုံးတို့သည် သခင်ယေရှုအတွက်ဖြစ်သည်ကို ကျွန်ုပ်သည် အမှန်တကယ်အတည်ပြုနိုင်ပါသလား?။

✧ ✧ ✧ ✧ ✧